

*** ရှာလုမ်ဝါစောင် ***

သန့်ရှင်း သောကား တိုင်ဝမ္မတဏ္ဍသိုလ်

၁၀၄၊ အင်း လျားလမ်း၊

ရန်ကုန်မြို့။ ဖုန်း (၃၀၆၅၈)

## မာ * * * တိ * * * ကာ


| | စာမျက်နှာ |
|---|---|
| ၁) အယ်ဒီတာ့အာဘော် | ၂ |
| ၂) အသင်း တော်ပြက္ခဒိန်မှ ပွဲနေ့များ၊ | ၃ |
| ၃) DO YOU KNOW | ၄ |
| ၄) ကျမ်းစာ လေ့လာခြင်း (ရှိမုန် ပေတရု) | ၅ |
| ၅) ကျွန်ုပ်သိသောသန့်ရှင်း သောဝိညာဉ်တော် (ဂရေ့စ်တင်တင်စော) | ၇ |
| ၆) နှိုင်းဆမရသော မေတ္တာ (ဂျူ) | ၉ |
| ၇) မဖြူ (ဓဲတပု) | ၁၂ |
| ၈) ဘဝတခု၏အမြင်သစ် (ဗိုင်-ဟုမ္မလင်း) | ၁၄ |
| ၉) ရှင်ပေါလုနှင့်အသင်း တော်များ (ဆလိုင်း ချောင်ထာ) | ၁၇ |
| ၁၀) မုန်း ချောင်း ဖျား ကဇိဇ် ခေါ်သံ (ရိုး မအာ စေခံ) | ၁၉ |
| ၁၁) ချစ်ခြင်း အစအိမ် ယောင်က (ကြည်ပြာ) | ၂၂ |
| ၁၂) သိုး ထိန်း ဆိုသည်မှာ | ၂၅ |
| ၁၃) ကျမ်းစာ ကျောင်း သတင်း ကဏ္ဍ | ၂၇ |


* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *


စာစောင်အမှတ်-၁/၈၄

၁၉၈၄-ခု၊ ဇူလိုင်လ၊

## အယ်ဒီတာအာဘော်

ငါ၏ကျေးဇူးတရားသည်သင့်အဖို့လောက်ပေ၏။

(၂ကော ၁၂း၉)

`တလုပ်စားဖူးသူ ကျေးဇူး``ဟူ၍မြန်မာစကားပုံရှိပါသည်။ ကျေးဇူးတရားသည်အဘယ်မျှကြီးမားသည်ကိုဖော်ပြထားခြင်းဖြစ်ပါသည်။ တလုပ်စာသောအစာကိုပင်စားရုံမျှနှင့်ကျေးဇူးရှိသည်ဟုဆိုလိုသည်။ ယင်းသို့ဆိုလျှင် ကျေးဇူးတရားသည်အလွန်လိုအပ်ပေသည်။

ပုံပြင်၊ ဇာတ်လမ်းအမျိုးမျိုးတို့၌ ကျေးဇူးတရားအကြောင်း ဖတ်ရှုရပါသည်။ ကျေးဇူးတရားကြောင့်အသက်ချမ်းသာရသူများ စည်းစိမ်တက်သူများ၊ ဘုရင်ဖြစ်သူများ၊ စသည်တို့ကိုတွေ့ရပါသည်။ မမေ့အပ်သောအရာဟူ၍ပင်မြန်မာတို့ကဆိုရိုးထုံးစံရှိပါသည်။ တကယ်တမ်းလည်းမေ့ဖို့ရန်မကောင်းပါချေ။

ဤသို့ဆိုလျှင်ခရစ်တော်ဘုရား၏လူသားတို့အပေါ်ထားသောမေတ္တာကျေးဇူးတရားကိုနက်နက်နဲနဲစဉ်းစားရန်လိုလာပါသည်။ လူတဦးနှင့်တဦးအပေါ်၌မျှလောက်ကျေးဇူးတရားသိရှိထားကြပါလျှင်ကျွန်တော်တို့အပေါ်၌ခရစ်တော်၏ကျေးဇူးတရားသည်ဆိုဖွယ်မရှိတော့ပါ။ ကျွန်တော်တို့၏ဘဝအသက်တာတခုလုံးပင်လျှင်အဖဘုရားသခင်၏ ကျေးဇူးတရားနှင့်ပြည့်ဝလျက်ရှိနေပါသည်။

ခရစ်တော်၏ကျွန်တော်တို့အပေါ်သို့ချပေးသောနေ့စဉ်ကျေးဇူးတရားသည်တနေ့တာအဖို့လုံလောက်ပေသည်။ လုံလောက်ပြီဟူ၍လည်းကတိထားခဲ့ပါသည်။ များများရသောသူလည်းမပို၊ နည်းနည်းရသောသူလည်းမလို၊ ဖြစ်ပါသည်။ ကျေးဇူးတရားလွှမ်းခြုံထားသောကြောင့်ယနေ့အသက်ရှင်ရသည်ဆိုလျှင်မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။



သို့ဖြစ်၍ကိုယ်တော်ရှင်၏ကျေးဇူးတော်အဖြစ်နေ့စဉ်အသက်ရှင်လျက်ရှိနေသောကျွန်ုပ်တို့သည်ကိုယ်နှုတ်နှလုံးသုံးပါးဖြင့်ကိုယ်တော်ရှင်၏မိန့်မှာချက်များ၊ လမ်းပြသွန်သင်မှုများတို့ကိုလိုက်နာကျင့်သုံး ဆောက်တည်ကာကျေးဇူးတရားကိုပြန်လည်ပေးဆပ်ကြပါစို့ ။ ။

## အသင်းတော်ပြက္ခဒိန်မှပွဲနေ့များ ။

အသင်းတော်ပြက္ခဒိန်တွင်အဒ်ဝင်တုမှအစပြု၍အစဉ်အလိုက်သတ်မှတ်ထားသောပွဲနေ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အဒ်ဝင်တု။ ။ အရှင်ယေရှုကြွလာတော်မူခြင်းကိုစောင့်မျှော်သောအချိန်ဖြစ်ပါသည်။ အဒ်ဝင်တုတနင်္ဂနွေမှခရစ်စမတ်မကျရောက်မီအချိန်အထိဖြစ်ပါသည်။

(၂) ခရစ်စမတ်။ ။ အရှင်ခရစ်တော်ဖွားမြင်သောပွဲနေ့ဖြစ်ပါသည်။ ခရစ်စမတ်ပွဲနေ့မှဧပိဖနိပွဲနေ့မတိုင်မီအထိဖြစ်ပါသည်။

(၃) ဧပိဖနိ။ ။ လူမျိုးခြားတို့အားအရှင်ယေရှုထင်ရှားသောပွဲနေ့ဆိုင်ရာအချိန်ဖြစ်ပါသည်။ ဧပိဖနိပွဲနေ့မှစက်တွာဂျက်စမတနင်္ဂနွေနေ့မရောက်မီအချိန်အထိဖြစ်ပါသည်။

(၄) စက်တွာဂျက်ဝမ။ ။ လင်းတုဝါမဝင်မီပြင်ဆင်သောအချိန်ဖြစ်ပါသည်။ လင်းတုဝါမဝင်မီတတိယတနင်္ဂနွေနေ့အချိန်ဖြစ်ပါသည်။

(၅) စက်စာဂျက်စမ။ ။ လင်းတုဝါမဝင်မီပြင်ဆင်သောအချိန်ဖြစ်ပါသည်။ လင်းတုဝါမဝင်မီဒုတိယတနင်္ဂနေ့အချိန်ဖြစ်ပါသည်။

(၆) ကွင်းကွာဂျက်ဝမ။ ။ လင်းတုဝါမဝင်မီပြင်ဆင်သောအချိန်ဖြစ်ပါသည်။ လင်းတုဝါမဝင်မီတနင်္ဂနွေမှပြာဗုဒ္ဓဟူးနေ့အချိန်အထိဖြစ်ပါသည်။

(၇) လင်းတုဝါတွင်း။ ။ ပြာဗုဒ္ဓဟူးနေ့ခေါ်လင်းတုဝါဝင်နေ့မှအီစတာမတိုင်မီညနေအထိရက်ပေါင်း (၄၀) ကာလဖြစ်ပါသည်။

(၈) အီစတာ။ ။ အရှင်ခရစ်တော်ရှင်ပြန်ထမြောက်သောအချိန်ဖြစ်ပါသည်။ အီစတာတနင်္ဂနွေမှရက်ပေါင်း (၄၀) အချိန်အထိဖြစ်ပါသည်။

* * စာမျက်နှာ -- (၅) သို့/-

## DO YOU KNOW

The main 20th Century English translations

I 903 -RT.Weymouth? The New Testamenti in Morden Speech

I9I3 and I924-James Moffatt, ANew Translation of the Bib

I927-E.J Good Speed,The Complete Bible;An American Translation.

I944 and I949-Ronald Knox,The Holy Bible.

I946 and I952-The Revised Standard Vérsion (The Common Bible)

I950 and I960-The New World Translation

I955- H.J. Schonfield,The Authentic New Testament

I958-The Amplified Bible.

I958-J.B.Phillips,The New Testament In Modern English.

I959-The Holy Bible :The Berkeley Version In Modern English.

I96I and I970- The New English Bible.

I966-(I)The Jerusalem Bible

(2)Todays English Version.

I97I-Kenneth Taylor,The Living Bible

I974-New International Version: The New Testament.

#



(၉) ဝစ္ဆင်။ ။ သန့်ရှင်း သောဝိညာဉ်တော် ဘုရားဆင်း သက်သောအချိန်ဖြစ်ပါသည်။ ဤကာလသည်တပတ်တည်း သာဖြစ်ပါသည်။

(၁၀) တြိနတီ။ ။ သုံး ပါး ပေါင်း တဆူဘုရား အား ကျေး ဇူး တော်ချီး မွမ်း သောပွဲ နေ့အချိန်ဖြစ်ပါသည်။ အဒ်ဝင်တုမတိုင်မီတနင်္ဂနွေ နေ့အထိ အချိန်ကာလဖြစ်ပါသည်။ တနင်္ဂနွေအပတ် ပေါင်း (၂၄) ပတ်အထိ ရှိနိုင်ပါသည်။

အထက်ပါ အချိန်ကာလများ သည်အသင်း တော်မှ စီစဉ်ထား သောပွဲ နေ့အချိန်ကာလများ ဖြစ်ပါသည်။ တနည်း အား ဖြင့် ပွဲ နေ့ဆိုင်ရာအချိန်သမယလည်း ဖြစ်ပါသည်။ ထို့ကြောင့်အသင်း တော်ပြက္ခဒိန်သည်အဒ်ဝင်တုအချိန်သမယမှအစပြု၍ တြိနတီအချိန်သမယတွင်အဆုံး သတ်ထား ပါသည်။

ကျမ်း စာ လေ့လာခြင်း ။

``ကိုယ် တော်သည်ကျွန် တော်တို့ကို မေ့ နေပြီ လော။``

( ယေရမိမြည်တမ်းစကား ၅း )

လူသည်အသက်တရာမ နေရ သော်လည်း အမှုတရာ တွေ့ရတတ်ပါသည်။ လူ့ဘဝတွင်ငို ကြွေး မြည်တမ်း ခြင်း ၊ ဘဝကြီး တခုလုံး ပျက်လုမတတ် ကြေကွဲဝမ်း နည်း ရခြင်း ၊ စိတ်နှလုံး လွတ်လပ်မှုဆုံး ရှုံး ရခြင်း ဘဝပျက်ခြင်း စသည် အကြောင်း အရာများ ကို နေ့စဉ်နှင့်အမျှကြား သိ နေရပါသည်။ ထိုသို့ဘဝ အခြေအနေသို့ ယွင်း သူများ ၏မြည်တမ်း သံကို မကြုံဖူး သော်လည်း ခံစား နား လည်နိုင် ပေသည်။

(မြည်)အခန်း ကြီး ၅ သည်ဣသ ရေလလူမျိုး တို့၏မြည်တမ်း သံပင်ဖြစ်ပါသည်။ ဘုရား သခင်ထံသို့ငို ကြွေးမြည်တမ်း ခြင်း ဖြစ်သည်။ ထိုကျမ်း ချက်သည် ဘီစီ-၅၈၇-တွင် ယေရုရှလင်မြို့ကို နေဗုခဒ် နေဇာမင်း ၏တပ်များ သိမ်း ပိုက်ပြီး နောက်ကျန်ရစ် သောပရော ဖက်များ ကစပ်ဆိုခြင်း ဖြစ်ဟန်တူပါသည်။ ဣသ ရေလလူမျိုး တို့၏ဘဝကို ကြေကွဲဝမ်း နည်း ဖွယ်တင်ပြထား ပါသည်။ အလွန်ညှိုး ငယ်ဝမ်း နည်း နေ သောဣသ ရေလတို့၏ဘဝကိုမြင် စေ ပါသည်။

(မြည် ၁း ၁)တွင် ဖော်ပြထားသည့်မှာ ဣသရေလတို့ကဘုရားသခင်အား တောင်းလျှောက်အသနားခံခြင်း ဖြစ်သည်။ အို ဘုရားသခင်ကျွန်တော်တို့အား အောက်မေ့တော်မူပါ။ ကြည့်ရှုတော်မူပါ။ စေ့စေ့ဆင်ခြင်တော်မူပါ။ ဟုမြည်တမ်းခြင်း ဖြစ်ပါသည်။ ဤသည်မှာ ဣသရေလတို့၏ဘဝသည်ဘုရားသခင်နှင့်သာ တည်နေကြောင်း၊ ယုံကြည်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည်ဣသရေလလူမျိုးတို့ကိုအီဂျစ်ပြည်မှထွက်မြောက်စေသောအခါတိုင်းသို့ အောက်မေ့ဖူးသည်။ ဘုရားသခင်ကလည်း ဣသရေလလူမျိုးတို့၏ ဝေဒနာကိုကြည့်ရှုတော်မူခဲ့သည်။ ဆင်ခြင်တော်မူခဲ့သည်။
(ထွက် ၂း ၂၃-၂၅၊ ထွက်၃း ၇-၈)

(မြည်၁း ၂-၁၈)တွင် ဖော်ပြထားသည့်မှာ ဣသရေလတို့၏ဒုက္ခများကိုတင်ပြခြင်း နှင့်အပြစ်ကိုဝန်ခံခြင်း တွေ့ရပါသည်။ မိမိတို့နိုင်ငံသည်ဘုရားသခင်ထံမှအမွေရသောနိုင်ငံဖြစ်ကြောင်း ခံယူသည်။ (မြည် ၁း ၂)။ ထိုအမွေခံသောမြေတွင်သူတပါး၏အုပ်စိုးခြင်းကိုဣသရေလလူမျိုးတို့ကခံနေရပါသည်။ မိမိတို့၏အပြစ်ဝန်ချခြင်းကို(မြည်၁း ၆၊ ၁း ၁၆)တွင် တွေ့ရသည်။ ဣသရေလလူမျိုးတို့က မိမိတို့၏အပြစ်များကိုဘုရားသခင်အား ဝန်ချတောင်းပန်ကြသည်။ ဆုတောင်းခြင်း ဆိုသည်မှာထိုသို့ပင်ဖြစ်ပါသည်။

(မြည်၁း ၁၉-၂၂)တွင်ဘုရားသခင်ဖက်တွင်လှည့်၍ ငိုကြွေးသောအသံကိုတင်ပြထားပါသည်။ ကိုယ်တော်သည်ဣသရေလလူမျိုးတို့အား မည်သည့်အကြောင်း ကြောင့်အချိန်ကြာမြင့်စွာမေ့လျော့ခြင်း၊ စွန့်ပစ်ခြင်း ပြုကြောင်း ကိုငိုကြွေး ခြင်းဖြစ်ပါသည်။ (မြည်၁း ၂၀၊ )ဘုရားသခင်ထံမှပစ်ပယ်ခံရခြင်းသည်အလွန်ကြောက်စရာကောင်း ပါသည်။ ယင်း ကိုအရှင်ယေရှုကလည်း သိတော်မူပါသည်။ (မာကု၁း ၃၄၊ )ဘုရားသခင်သည် ဖေါက်ပြန်သောဘုရား မဟုတ်ချေ။ ထို့ကြောင့်လူသားတို့၌မျှော်လင့်ချက်အပြည့်အဝရှိပါသည်။ (ရောမ ၈း ၂၄-၂၅၊



၂ပေ၃း ၃-၄၊ ၂ပေ၃း ၈-၉၊ )

(မြည်၁း ၂၁)သည်ဘုရားသခင်နှင့်လူအပြန်အလှန်ဆက်သွယ်မှုကို ဖော်ပြပါသည်။ ဘုရားသခင်နှင့်ဆက်သွယ်လျှင်မိမိဘဝလွတ်မြောက်ရေး ကိုရှာဖွေနိုင်မည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သာလျှင်ယနေ့ကာလကို ရှေးကာလကဲ့သို့ပြုပြင်နိုင်ပါသည်။ ထို့ကြောင့်ကျွန်တော်တို့၏အသက်တာများကိုလည်း ရိုးသားစွာနှိမ့်ချခြင်းဖြင့်ဒုက္ခပြဿနာများကိုအဖြေရှာနိုင်မည်ဖြစ်ပါသည်။ ဣသရေလလူမျိုးများကဲ့သို့ ခက်ခဲသည့်အချိန်ကာလတွင်ကိုယ်တော်ရှင်ကိုအားကိုး ခိုလှုံခြင်းဖြင့်မျှော်လင့်ခွင့်ရှိနိုင်ပါသည်။ ကိုယ်တော်ရှင်ထံမြည်တမ်းလျက်မိမိအပြစ်ဝန်ချလျက် နှိမ့်ချခြင်းဖြင့်တိုးဝင်ချဉ်းကပ်ကြပါစို့။ ။

** ရှိမုန်ပေတရု **

## ကျွန်ုပ်သိသောသန့်ရှင်းသောဝိညာဉ်တော်

ဧဝံဂေလိကျမ်းထဲတွင်သန့်ရှင်းသောဝိညာဉ်တော်သည်မာရိအပေါ်သို့သက်ရောက်သောကြောင့်သားတော်ဘုရားသည်လူ့ဇာတိကိုခံယူခဲ့သည်။ ဝိညာဉ်တော်ဘုရားသည်လူတိုင်းအပေါ်တွင်ကိန်းဝပ်တော်မူသော်လည်း လူတိုင်း မသိပဲလူတဦး ဝိတတ်စွမ်းမှုပညာဖြစ်စေ၊ ထူးထွင်းသောဥာဏ်ဖြစ်စေ၊ လူ့အတွက်အကျိုးဖြစ်ထွန်းသောအရာအားလုံးကိုဝိညာဉ်တော်ဘုရားကိန်းအောင်းမှုဖြင့်လုပ်ကိုင်ဖြစ်ထွန်းစေသည်။ နားလည်စေသည်။ ရှင်ယောဟန်သည်ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည်လူသားတွင်ခံစားရကြောင်း တွေ့ရသည်။

သန့်ရှင်းသောဝိညာဉ်တော်သည်ပင်တေကုတ္တေပွဲနေ့၌ ကောင်းကင်မှအသံသည်ဖိုး လှိုင်းကဲ့သို့လူအသီးသီး အပေါ်၌ပြည့်ဝမှုနှင့် ခိုင်ခံ့သောဆုကျေးဇူး ကိုရရှိခဲ့ပါသည်။ ဂလာတိကျမ်းထဲတွင်ဝိညာဉ် အသီးအပွင့်များကိုဖော်ပြထားသည်။ အသက်ရှင်ခြင်း

သည့်သန့်ရှင်း သောဝိညာဉ် တော်ကိန်း ဝပ်ခြင်း ဖြင့် ပြောဆို လုပ်ကိုင်နိုင်ပါသည်။ လူ၏စိတ်အာရုံကိုလမ်း ပြ ပေး သူဖြစ်သည်။ ပျောက်သောသား တဦး သည်အဘထံပြန်လာ သောအခါဝိညာဉ် တော်ဘုရား ၏အား ပေး မှုကိုလက်ခံခြင်း ကြောင့်ဖြစ်သည်။ သန့်ရှင်း သောဝိညာဉ် တော်သည်လူတွင်ကိန်း ဝပ် သောအခါပေါ် လွင်ထင်ရှား မှုရှိသည်။ ဣသရေလလူမျိုး ကိုအီဂျစ်ပြည်မှထုတ် ဆောင် သောအခါဘုရား သခင်၏လမ်း ပြမှုဖြင့်ဒုက္ခများ ကို ကျော်လွှားနိုင်ခဲ့ပါသည်။

သန့်ရှင်း သောဝိညာဉ် တော်သည်အရာခပ်သိမ်း၌အတွင်း အပြင်ကိန်း အောင်း ပါသည်။ ကြီးနတ်ဘုရား ၏တတိယပုဂ္ဂိုလ်လည်း ဖြစ်သည်။ လူ၏ဝိညာဉ်နှင့်သဘာတရား ပြန့်နှံ့ရန် ဝိညာဉ် တော်ဘုရား ကလုပ်ဆောင်ပါသည်။

သန့်ရှင်း သောဝိညာဉ် တော်ဘုရား သည်ကမ္ဘာလောကကြီး၌ အံ့ဩဖွယ်ရာများ တန်ခိုး တော်များ ၊ ဖော်ပြလျက်ရှိသည်။ သဘာဝ၊ အသိပညာ၊ အတတ်ပညာ၊ တို့သည်သန့်ရှင်း သောဝိ ညာဉ် တော်ဘုရား ၏လမ်း ပြမှု ကြောင့်သာဖြစ်ပါသည်။အမှန်တရား ကိုပြောသူများ ၊ ကောင်း သောအမှုကိုအဝဦ ဆောင်ရွက်သူများ အား လမ်း ပြ[illegible]း ပါသည်။ ကျွန်တော်တို့၏ စိတ်နှလုံး ထဲ၌ [illegible]န်း အောင်း လျက်အမှား အမှန်ကိုခွဲခြား နိုင်ခြင်း ၊ ဩတပ္ပ စိတ်ကြည်လင်ခြင်း ကိုပြုလုပ် ပေး ပါသည်။

တို့ကြောင့်ခရစ်ယာန်အသက်တာသည်သန့်ရှင်း သောဝိ ညာဉ် တော်ကိန်း အောင်း ရာဌာနဖြစ်သည်။ ကျေး ဇူး တရား လည်း အစဉ်ရှိသည်။ ခရစ် တော်ကိုအမှန်တကယ်ယုံကြည်လက်ခံလျှင်ဝိညာဉ် တော်ဘုရား ၏လမ်း ပြခြင်း နှင့်အခက်အခဲများ ကို ကျော်လွှား နိုင်ပါသည်။ အသက်တာ၌ ပျော်ရွှင်ခြင်း ၊ ငြိမ်သက် ခြင်း၊ ကြိုး ဝါး အား တုတ်နိုင်ခြင်း တို့သည်သန့်ရှင်း သောဝိ ညာဉ် တော်၏ လုပ်ဆောင်ခြင်းပင် မဟုတ်ပါလော။



* * ဂငရုပ်တင်တင်စေါ * *

** <u>နှိုင်း ဆမရ သောမေတ္တာ</u> **

ဒီနေ့တနင်္ဂနွေနေ့ဖြစ်ပါသည်။ သန့်ရှင်း သောကား တိုင်အသင်း တော်မှခလေး များ သည်အပြုံး ကိုယ်စီဖြင့်ဓမ္မပညာသင်ခန်း သို့ ပျော်ရွှင်စွာ ပြေး ဝင်သွား ကြသည်။ ဤမြင်ကွင်း ကိုကျမ်း စာကျောင်း အဆောင်ပေါ်မှ ကျော်ကျော်တယောက် ငေး ကြည့်နေမိသည်။ ငေးရင်း တွေး ရင်း နှင့်အတိတ်ကဖြစ်ပျက်ခဲ့သောမိမိဘဝကိုတ ဖြေးဖြေး ပြန်လည် သတိရမိသည်။ တိုလွန်ခဲ့သောအဝေး ဆီကို ကျော်ကျော်ပြန် ရောက်သွား သည်။

“ ကျော်ကျော်ဘုရား ကျောင်း သွား ကြမယ်ဟေ့ ”

“ ကျွန်တော်မအား ဖူး မမနှယ် ”

“ ဒီနေ့တနင်္ဂနွေနေ့လေ ”

“ ကျွန်တော်သိပါတယ်မမနှယ်ရဲ့ အဖေ နေမကောင်း လို့ပါ ”

“ အော် အော် အော်–၊ နေမကောင်းတာကြာပြီလား ”

“ မမနှယ် ရယ်၊ အရက်ကြောင့်ပေါ့ဗျာ ”

“ ကျော်ကျော်ဘာမှအား မငယ်နဲ့နော်၊ သခင်ယေရှုက ပြောထား တယ်မဟုတ်လား ၊ တောင်း ကြလော့၊ တောင်း လျှင်ရမယ်တဲ့– ကျော်ကျော်အဖေအတွက်ဆုတောင်း ပေး ပါနော်၊ မမနှယ်သွား တော့မယ် ”

–“ ဟုတ်ကဲ့မမနှယ်၊ ကျေးဇူး တင်ပါတယ် ”

ကျော်ကျော်တယောက်ဒါပဲပြောနိုင်ခဲ့သည်။ ငေး ကျန်ခဲ့ရုံမှတပါး ပြောနိုင်စွမ်း မရှိတော့ပေ။ မမနှယ်ကိုသာမျက်စိထဲမှ ပျောက်သည့်အထိကြည့်နေမိပါတော့သည်။

ကျော်ကျော်သည်သူငယ်ချင်း များ နှင့်အတူဓမ္မပညာသင်ချင် သော်လည်း မသင်ရသောဘဝ၊ ။ သူ့တွင်အခင်တွယ်ဆုံး ဟူ၍အဖေမှတပါး မရှိ၊ အဖေ နေ ကောင်း အောင်ပြုစုရသည်။ မိတဆိုး လေး ဖြစ်သည့် အတွက်သူ့အဖေကချစ်ပါသည်။ အဖေတခုသား တခုဘဝလည်း ဖြစ်သည်။ ကျော်ကျော်အဖေမှာအရက်တွင်သာနစ်မွန်း နေသော

ကြောင့်ဘုရားကျောင်း တက်ရန်ပင်ပယ်၊ ဘုရားကိုလည်း ဂရုမစိုက်နိုင်တော့ပေ။ သို့သော်လည်း ကျော်ကျော်အတွက် ဥပုဒ်ဝါ ဖြေသင်တန်း မတက်နိုင်သောအချိန်တွင်သင်ကြားခဲ့ရသော သင်ခန်းစာများကို မမနွယ့်ပြောပြချက်ဖြင့်သိရသည်။ ပုံပြင်များ၊ ကျမ်းချက်များကို မမနွယ်၏ ပြောပြမှုကြောင့် ကျော်ကျော်သိခဲ့ရသည်။ အဖေ့အကြောင်းကို မမနွယ်အား သာအကုန်အစင်ဖွင့် ပြောခဲ့မိသည်။ ယောကျ်ားကလေးဆိုသော်လည်း ဝမ်းနည်းပူဆွေးလွန်း၍ ငိုမိခဲ့သည်။ ထိုအချိန်များတွင် မမနွယ်၏ နှစ်သိမ့်အားပေးမှုဖြင့်သာ နှစ်သိမ့်နေရရှာသည်။ ဘဝအတွက်အားမငယ်ရန်၊ ဘုရားဆီမှ ခွန်အားယူအသက်ရှင်ရန်သူ တောင်းရန်အားပေးသူက၊ မမနွယ်တယောက်ထဲသာ။ အော် မမနွယ်

မမနွယ် ပြောပြသော ပုံပြင်ကလေးကို ယနေ့တိုင် ကျော်ကျော်မမေ့နိုင်သေးပါ။ သူ၏အပူအရာ၊ သူ၏အသံကို ကျော်ကျော်ကြားယောင်မိခဲ့သည်။ အရက်သမားကြီးနှင့်သူ၏သားလေးအကြောင်း ဖြစ်သည်။ ထိုသားလေးကိုအများက ပြောင်လှောင်ခဲ့မှုကို ကျော်ကျော်ရင်နာမိသည်။ အရက်သမားကြီးကိုလည်း အပြစ်တင်မိခဲ့သည်။ သို့သော်လည်း ထိုသားလေးသည်ဘဝအတွက်ကြိုးစားအားထုတ်ခြင်း၊ ဘုရားထံတွင်ခွန်အားယူခြင်းဖြင့် မိမိဘဝကိုအကောင်းဆုံး ပြုပြင်သွားခဲ့သည်။ နောက်ဆုံးတွင်သူ့အဖေသေသော်လည်း သူ၏ဘဝကိုလူတလုံး သူတလုံး ဖြစ်အောင်ကြိုးစားနိုင်ခဲ့ရုံမက၊ အမှုဆောင်အဖြစ်ကြီးပွားသွားနိုင်ခဲ့သည်။ သူ၏အောင်မြင်မှုသည်သူ့ကြောင့်မဟုတ်၊ ဘုရားသခင်၏လမ်းပြခြင်းကြောင့်သာဖြစ်သည်။ သူ၏ခါးသီးနာကျည်းသောဘဝကိုသခင်ယေရှုအား ပုံအပ်ပြီး လုပ်ဆောင်ခဲ့ပုံကို ကျော်ကျော်အမှတ်ရနေမိသည်။ သခင်ယေရှုကြွလာခြင်းသည်လူ့အပယ်ခံဆင်းရဲသားများအတွက်ကယ်တင်ခြင်း ပေးဖို့ရန်လာသောအချက်ကို ကျော်ကျော်သတိရနေမိသည်။ သခင်ယေရှုသည်ခါးသီး



နာကျည်းသောဘဝများကိုနှစ်သိမ့်အားပေးခဲ့သည်။ သို့ကြောင့်အရက်သမား၏သားသည်အမှုတော်ဆောင်ကောင်းတယောက်ဖြစ်လာခဲ့သည်။ ထိုအဖြစ်အပျက်သည် ကျော်ကျော်ဘဝနှင့်တိုက်ဆိုင်လွန်းတော့သည်။ ကျော်ကျော်၏စိတ်ပျက်အားငယ်မှုကိုမမနွယ်ကပုံပြင်နှင့်လည်းကောင်း ကျမ်းစာတော်ချက်နှင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့သည်။ မမနွယ်၏ နောက်ဆုံးစကားကိုကြားယောင်နေမိသည်။

" ကျော်ကျော်၊ ဘုရားသခင်ဟာလေ၊ ဘယ်သူတွေပဲ သင့်ကိုမဲ့မဲ့ သူကတော့ မ[illegible]ရှိနေပါတယ်။ ဘဝမှာအသိတရားရှိပြီး တော့သင့်ရဲ့ ရှိရှိလုပ်ဆောင်သွားဖို့၊ နှိမ့်ချခြင်းနဲ့ဘုရားသခင်ကိုတိုးဝင်ချဉ်းကပ်ရန် အရာရာတိုင်းကို အောင်မြင်တယ်။ ဒါကြောင့်ဘဝဆိုတာအားငယ်ဖို့မဟုတ်ဖူး။ ဘုရားဆီမှာခွန်အားယူအားထုတ်ရင်ရနိုင်တယ် ကျော်ကျော်။ ဘုရားဟာ ငါတို့နှင့်အတူအစဉ်ရှိနေပါတယ်ကွယ် "

× × × × × ×

မမနွယ်၏အားပေးမှုကြောင့်ဘုရားရှင်ကိုအခါခါဆုတောင်းမိသည်။ ကျော်ကျော်သယ်တန်း ရောက်သောနှစ်တွင်မမနွယ်တို့ ပ[illegible]လေးသို့ ပြောင်းသွားခဲ့ကြသည်။ ကျော်ကျော်တွင်အားပေးသူမရှိတော့။ သို့သော် တော်ပါသေးသည်။ အဖေနောင်တရ၍ဘုန်းတော်ကြီးထံတွင် အာပတ်ဖြေခဲ့သည်။ အရက်လည်း လုံးဝမသောက်တော့ပါ။ မမနွယ်ကအဖေ့အား ကူညီရန်နှင့် စကားနားထောင်ရန် ပြောသွားခဲ့သည်။ အခုအဖေ့ကိုပို၍ လေးစားလာမိသည်။ သူဘဝကိုလမ်းမှန်သို့ပြန်ရောက်အောင်ကြိုးစားနိုင်ခဲ့သည်။

× × × × × ×

ကျော်ကျော်သယ်တန်း အောင်၍သူ့အဖေအား တိုင်ပင်ခဲ့သည်။ ကျမ်းစာကျောင်းသွားမည်ဟူ၍ပင်။ အဖေတွင်ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျခဲ့သည်။ အဖေမှာဝမ်းသာလွန်း၍ မျက်ရည်ကြားမှ စကားမပြောနိုင်တော့။ ကျော်ကျော်အား သာအာပါး တရဖက်ပြီး ပြုံးနေသည်ကိုမြင်ယောင်မိတော့သည်။

* ၇ *

* * မဖြူ * *

မဖြူ -- ဖိုး ဖိုး ရွေး သွား ချင်လို့လို့ ခေါ်ခဲ့ ပေး နော်၊ -ဘယ်
တော်လဲ မိမိရယ် - အခု ပေါ့ - လိုက်မယ် မဟုတ်လား ။ ဖိုး ဖိုး ဝယ်
ဝရယ် ရှိလို့ပါ -- မအား သေး ဖူး ခဏ စောင့်အုံး နော် --
အော် မဖြူလဲအခုပဲ သွား ချင်တယ်ဆိုပါမှ လိုက်ခဲ့ နော် -

* * * * * * * * * * * * * * * * * * * * * * *

ဖိုး ဖိုး ရယ် ဝယ်လှချည်လား - ဒါလေ ဒီတခုဆို တော်ပါပြီ - မ
ဖြူပါလို့ များ များ ဝယ်တာပါ - ဖိုး တယောက်ထဲဆို ဒီလောက်သယ်
နိုင်ပါမဟုတ်ဖူး ၊ -ဘာလဲ မဖြူလေး လို့လား - မလေး ပါဖူး ဖိုး
ရယ် - မဖြူသယ်နိုင်ပါတယ် -- ဒါကြောင့် မဖြူကို ချစ်ရတာ ။ --

× × × ×

မဖြူရယ် - ဘာလဲ၊ သွား ဝရာ ရှိလို့လာပြန်ပြီ မဟုတ်လား -
ဟုတ်တယ် - ဖိုး သူငယ်ချင်း ပွဲ နေ့လေ၊ ဒါလဲ မဖြူမပါရင် မသွား
ချင်ဖူး - လိုက်ခဲ့ ပေး ပါနော်၊ ဟို ရောက် တော့ မဖြူကို ပစ်ထား
ပေါ့ - သူငယ်ချင်း တွေနဲ့ ပြောကြဆိုကြ နဲ့ မဖြူကဖြင့် စောင့်လိုက်ရ
တာ -- အော် မဖြူကလည်း တခါတလေ များ ပဲဟာ၊ လိုက် ပေး မယ်
မဟုတ်လား -- လိုက် ပေး ပါမယ်တဲ့ ရှင့် - ဒါကြောင့် မဖြူကို ချစ်ရ
တာ၊ ကဲ - သွား ကြစို့ ။

× × × ×

ချစ်မမဖြူ၊ ခဏလာပါအုံး - ဒီနေ့ ဖိုး သူငယ်ချင်း အကိုတ
ယောက်ဆုံး သွား တယ်၊ အဲဒါ သုဘသွား ပို့ချင်လို့လိုက်ခဲ့ပါနော် -
ဘယ်တော့လဲ -- အခုပဲ ပေါ့ -- ဘာလဲ မမဖြူက ကြောက်လို့လား -
မကြောက်ပါနဲ့၊ ဖိုး တယောက်လုံး ရှိပါတယ် - မဖြူမ ကြောက်ပါဖူး
နောက်မှ ဖိုး ကြောက်နေမှာ ဝိုး လို့ပါ -- ဒါ တော့ စိတ်ချ - မဖြူ
ရေ

× × × × × ×

အော် - မဖြူ ဆေး ရုံတက် နေရတယ်ဆိုပါလား - ငါလဲတာဝန်မ
ကျေပါလား နော် -- တကယ် တော့ မဖြူငါ့ကိုအရမ်း ချစ်



ပါတယ်: ဘာလိုချင်လိုချင်၊ အပြည့်အဝ ရတယ် - ငါ့ကိုအမြဲအလိုလိုက်ခဲ့တယ် - ငါ
ထား သလို နေ: ငါနိုင်သလိုပုပ်ပေး တယ် - အခု ဆေး ရုံတက်ရတယ်ဆိုတာ
လဲ နေ့ပူပူ မိုး ရွာမရှောင်တိုနိုင်း လိုက်ဒီနိုင်း လိုက်နဲ့ သူ့ခမျာ နား ရတ
လိုမရှိဖူး : ကြာ တော့လဲ ဒီခန္ဓာ ပျက်စီး ရ တော့မှာ ပေါ့ - ဒါ ပေမဲ့ မဖြူ
ကစိတ်ရှည်တယ် - သည်း ခံတယ်၊ အား လုံး ရဲ့လိုအင်ကိုဖြည့်တယ် - စိတ်ချမ်း
သာမှုကို ပေး တယ် - ကူညီခဲ့တယ် - သူ့ရဲ့စိတ်ထား ဟာ နာမည်နဲ့လိုက် အော
ဖြူစင်ပါ ပေတယ် - သူ့လိုအင်ကိုဘယ် တော့မှ မဖြည့်ဖူး - သူ့အသက်ရှတ်ဟာ
သူများ အ[illegible]ပါဆို့တာသာ ရှိတယ် - အော် - သူ့အသက်တာကိုယူပြီး ငါ့အသက်
တာမှာအသက်ရှင်ရမယ်၊ သူ့ရဲ့အသက်တာမှာ ခရစ်တော် ပြောခဲ့တဲ့ စ
ကား အတိုင်း အဓိပ္ပါယ် ဖော်အသက်ရှင်သွား နိုင်ခဲ့တယ်။ ငါလည်း မဖြူ
နည်း တူ ငါ့အသက်တာကိုအတုယူပြီး အသက်ရှင်ရမယ် -

အင်: ဘာလိုလိုနဲ့ဆယ်နာရီ တောင်ထိုး တော့မှာပါလား ၊ နက်
ဖြန်မှ မဖြူကို ဆေး ရုံသွား ပြီးမေး ရအုံး မယ် -
အော် - မဖြူဟာ ယောက်ကျန်း မာလာနိုင်ပါစေ။
မှတ်ချက်။ ။ မဖြူသည်ကျွန်မတို့၏ ကျောင်း ကား ၁/၄၆၁၂ ကို
ဆိုလိုခြင်း ဖြစ်ပါသည်။

* * ဓိတပု * *

× × × × × × × × × × × × × × ×   × × × × × × × × × × × × × × × ×



** ဘဝတခု၏အပြင်သင် **

ဘုရားရှင်၏အလိုတော်သည်အလွန်ထူးဆန်းလှပါသည်။ အသက်တခုကိုပြန်လည်ဆန်းစစ်ကြည့်ပါက၊ ဘုရားရှင်၏အလိုတော်၊ မေတ္တာတော်၊ ကျေးဇူးတော်သည်အလွန်တရာကြီးမားလှပါသည်။ ဘုရားရှင်သည်သူ၏သားသမီးများတို့ကိုအမြဲကြည့်ရှုလမ်းပြနေပါသည်။ ထိုအပြင်သားသမီးတဦးစီတဦးစီအပေါ်၌အလိုတော်၊ အကြံအစည်များထားရှိပါသည်။ အထူးသဖြင့်ကျွန်မအပေါ်၌ပို၍ထင်ရှားမည်ဖြစ်ပါသည်။ ကျွန်မတို့ဒေသတွင်မိဘများမှာမိရိုးဖလာအလုပ်ဖြစ်သောတောင်ယာအလုပ်ကိုပို၍ဦးစားပေးလုပ်ပါသည်။ ပညာရေးကိုဦးစားပေးသောမိဘမှာနည်းပါးလှပါသည်။ ထို့ကြောင့်ပညာတတ်အလွန်ရှားပါးလှပါသည်။ ဘုရားရှင်၏ကျေးဇူးတော်ကြောင့်ကျွန်မသည်မောင်နှမများထဲမှဦးစားပေးခံရပြီးပညာသင်ကြားခွင့်ကိုရရှိခဲ့ပါသည်။ သို့သော်လည်းလုံလုံလောက်လောက်မသင်ကြားခဲ့ရပါ။ ပညာကိုတနှစ်ပြီးတနှစ်သင်ကြားခဲ့သော်လည်းဘုရားသခင်၏အမှုတော်ဆောင်ရွက်ရန်အသင်းတော်နှင့်လည်းကောင်း၊ လူငယ်နှင့်လည်းကောင်း၊ အဆက်အသွယ်မှုသာရှိခဲ့သော်လည်းလုံးဝပါဝင်မှုများမရှိခဲ့ပါ။ ဘုရားသခင်ကိုကျောခိုင်းထားပြီးမိမိအလိုသို့သာဦးတည်ခဲ့ပါသည်။ ရှစ်တန်းအောင်သောနှစ်တွင်ကြီးစွာသောရောဂါဝေဒနာတခုကြောင့်ကျွန်မသည်ဘုရားသခင်ကိုသတိရပြီးဘုရားနှင့်ပဋိညာဉ်ပြုခဲ့ပါသည်။ ပြုခဲ့သောပဋိညာဉ်အတိုင်းဘုရားရှင်အလိုတော်အတိုင်းကျွန်မသည်ကျေးဇူးတော်ကိုမမျှော်လင့်ဘဲရရှိခဲ့သည်ဟုသိရှိခဲ့ရပါသည်။ အကြောင်းမှာကျွန်မသည်ပညာရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးအတွက်အခြေခံမရှိခဲ့ပါ။ အထူးသဖြင့်ဝိညာဉ်ရေးရာတွင်ခွန်အားအနည်းပါးဆုံးဖြစ်ခဲ့ပါသည်။ သို့သော်လည်းယခုကဲ့သို့ကျမ်းစာကျောင်းတက်နိုင်ရန်နှင့်အမှုတော်မြတ်ဆောင်ရွက်ရန်ပြင်ဆင်ခြင်းကိုခံစားရရှိခဲ့ပါသည်။ အသင်းတော်ကိုကျွန်မပြန်



လည်ဝင်းပါးကြည့်သောအခါရိတ်သိမ်းရာစပါးများသော်လည်း ရိတ်ပဲ့သူနည်းပါးနေကြောင်းတွေ့ရပါသည်။ ဒီကိုရိတ်မဲ့သူတွေနည်းပါးပေမဲ့၊ လူတိုင်းဝင်ပြီးမရိတ်နိုင်ပါဖူးဆိုထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင်ဘုရားသခင်၏ရွေးချယ်ခြင်းနှင့်လူ၏ဆက်ကပ်ခြင်းအပေါ်တွင်များစွာတည်ပါသည်။ ထို့ကြောင့်ကျွန်မသည်ကျမ်းစာကျောင်းတက်ရန်လာသောအခါမည်သည့်အရာမျှပါမလာပါ။ သို့သော်ဘုရားသခင်၏ကျေးဇူးကြောင့်သျှတ်ကပတ်တော်ကိုသင်ကြားခွင့်ရသည်။ ခရီယာန်အသက်တာကိုနားလည်ခဲ့ပါသည်။ ဘုရားရှင်သည်အမှောင်မှအလင်းသို့တေးမသိရန်မခဲဘဲ၊ ဖို့ဆောင်ကြောင်းကိုသိလာရပါသည်။ ဘုရားရှင်၏ကျေးဇူးကိုအခါခါရေတွက်မိပါတော့သည်။

ဘုရားရှင်သည်သူ၏သားသမီးများကိုအစဉ်အမြဲကြည့်ရှုလျက်ကောင်းကြီးပေးနေပါသည်။ ဘုရားရှင်၏မေတ္တာနှင့်ကျေးဇူးတော်ကိုတုံ့ပြန်ရန်လိုအပ်ပါသည်။ သို့သော်တခါတရံကျွန်မစိတ်ထဲတွင်ဘုရားအမှုဆောင်ဖို့ရန်ကျွန်မတွင်ပါရမီမှရှိပါလေလားဟုအားငယ်မိပါသည်။ သို့သော်လည်းမမြင်နိုင်သောဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှင့်ကျေးဇူးတော်ကြောင့်ယခုနေရာသို့ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင်နွေရာသီကျောင်းပိတ်ရက်တွင်ကွင်းဆင်းရောက်ရာဒေသတွင်မှပညာ၊ လူငယ်၊ မိခင်၊ ဖခင်၊ ပသေါအသင်းသူ/သားများကိုတွေ့ရသောအခါကြည်နူးမိသည်။ သူတို့၏ဝင်ကြွယ်သောမေတ္တာ၊ ကူညီတတ်သောစိတ်နှလုံးတို့နှင့်ကျွန်မတို့အားပြန်လည်တုံ့ပြန်မှုကိုမေ့နိုင်တော့မည်မဟုတ်ပါ။ ဒေသအသီးသီးရှိဗဟုသုတများ၊ မိတ်သဟာယဖွဲ့ခွင့်တို့ကိုရရှိခဲ့ပါသေးသည်။ ခရင်ယာန်အသက်တာ၏လိုအပ်သောအရာမှာလူတိုင်းနှင့်မိတ်သဟာယဖွဲ့နိုင်ခြင်းမဟုတ်ပါလား။ တချိန်ကဤလိုနေရာဒီလိုဒေသမျိုးကိုရောက်မည်ဟုမမျှော်လင့်ခဲ့မိပါ။ အော်-ဘုရားရှင်၏ကျေးဇူးတော်ကြောင့်ယခုနေရာသို့ရောက်ခဲ့ရခြင်းဖြစ်ပါသည်။


ဒေသအသီးသီးမှခရစ်ယာန်ညီအင်ကိုများ၏ရိုးရာယဉ်ကျေးမှုဓလေ့ကြိုများရခဲ့ပါသည်။ ကျွန်မတို့ကိုညှိခံသောရွာသူရွာသားများတို့ကိုမေ့မရနိုင်ပါ။ ကျွန်မတို့သွားလာရန်

အဆင်ပြေအောင်စီစဉ်ပေးကြပါသည်။ အစားအသောက်အနေ အထိုင်များအတွက် ဆောင်ရွက်ပေးမှုသည်ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာဖြစ်သည်ဟုကျွန်ုပ်ဝန်ခံပါသည်။ ဘုရားရှင်ထံမှရရှိသော ကျေးဇူးတော်အတွက်ချီးမွမ်းဖိပါသည်။

ကျွန်မသည်ဘုရားသခင်ကိုမေ့ပြီး ကိုယ့်အလိုအတိုင်းရှောက်ခဲ့သော်လည်း ယခုတွင်ဘုရားရှင်၏လမ်းပြသောဆောင်မှုကို ခံစားရပါသည်။ အသက်တာ၌ မည်သည့်အခက်အခဲနှင့်တွေ့ကြုံပေတာမူ ဘုရားရှင်ကိုအားကိုးလျှင်အောင်မြင်နိုင်ကြောင်းနားလည်ရပါသည်။ ကျွန်မတို့အသက်တာတွင်ဘုရားရှင်အားအပြင်ဝန်ချရန်နှင့်ဘုရားရှင်အလိုတော်အတိုင်းအသက်ရှင်ရန်အဓိကလိုအပ်ပါသည်။ ဤသို့အသက်ရှင်နိုင်လျှင်ဘုရားရှင်၏မေတ္တာကျေးဇူးတော်ကိုခံစားသိရှိနိုင်ပါသည်။ ဘုရားရှင်သည်သူ၏သားသမီးများကိုအစဉ်ကွယ်ကာ၍ ကောင်းချီးပေးနေသော - ကြောင့်ကျွန်မတို့အတွက်ခွန်အားယူရဲရင့်ရန်သာဖြစ်ပါသည်။ ထို့ကြောင့်ဘုရားသခင်၏အလိုတော်အတွက်အသက်တာ၌လုပ်ဆောင်ခြင်း ကျေးဇူးတော်ချီးမွမ်းခြင်း အသက်တာ၌အသက်ရှင်သွားနိုင်ခြင်း ရှိဖို့ရန်အားယူလုပ်ဆောင်ကြပါစို့။

** မှိုင် ** ( ဟုမ္ဘလင်း )

× × × × × × × ×





** ရှင်ပေါလုနှင့်အသင်းတော်များ **

ဂလာတိနှင့်ရောမပြဝါဒစာတို့သည်ရှင်ပေါလုသာသနာပြုလုပ်ငန်းလုပ်ဆောင်ရာတွင်ဟောပြောခဲ့သောအရာများဖြစ်ပါသည်။ ထိုစာစောင်များသည်လမ်းညွှန်မှုနှင့်တွေးခေါ်မှုကိုပေးနေပါသည်။ ထိုစာစောင်များထဲတွင်ရှင်ပေါလုနှင့်ဆက်သွယ်နေသောအသင်းတော်များ၊ ပြုစုပျိုးထောင်၍ခွန်အားပေးခဲ့ပုံများကိုတွေ့ရပါသည်။ ရှင်ပေါလု၏အဓိကကျသောသာသနာပြုလုပ်ငန်းသည် (၁၀-၁၂) နှစ်အထိကြာခဲ့ပါသည်။ ရှင်ပေါလုသာသနာပြုခဲ့သောဒေသကြီး (၄) ခုရှိပါသည်။ ရောမအင်ပါယာ၏ဂလာတိပြည်၊ မက်ဒိုးနီးယား၊ အာခါယနှင့်အာရှတွင်ဖြစ်ပါသည်။ ထိုအထဲတွင်ဧဖက်မြို့၌သုံးနှစ်ကြာအမှုထမ်းခဲ့ပါသည်။ (တမန် ၂၀း၃၁)။ အခြားနေရာများတွင်လည်းသွားလာနေထိုင်ခဲ့ပါသေးသည်။

ရှင်ပေါလုသည်ရှေးဦးစွာယုဒလူမျိုးများအားမေ့ - တောင်းပွင့်သုံးကြည့်သောတဆူတည်းသောဘုရားကိုအခြေခံ၍ သုံးကြည့်မှုနှင့်သင်ခဲ့ပါသည်။ ယုဒလူမျိုးတို့မျှော်လင့်နေသောမေရှိယသည်အရှင်ယေရှုဖြစ်ကြောင်း၊ ရဲဝံ့စွာသက်သေခံခဲ့ပါသည်။ ၎င်းအပြင်တပါးအမျိုးသားများကိုလည်းဟောပြောခဲ့ပါသည်။ လူများသည်ဘုရင်သေခင်အားယုံကြည်လက်ခံပြီး မိတ်သဟာယဖွဲ့မှုကိုပြုလုပ်လာကြသည်။ ရှင်ပေါလုအဓိကသွန်သင်မှုမှာခရစ်ယာန်တို့၌မရှိမဖြစ်သောခရစ်ယာန်အသက်တာအကြောင်းဖြစ်ပါသည်။ အသင်းတော်ငယ်များကိုကြည့်ရှုရန်အသင်းတော်ခေါင်းဆောင်များ (ဝါ) အမှုဆောင်များကိုလည်းခန့်အပ်ခဲ့ပါသည်။ (တမန် ၁၄း၂၁-၂၃)

ထို့နောက်ရှင်ပေါလုသည်သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကိုအသက်တာ၌လှုပ်ရှားမည်ဟုယုံကြည်အားကိုးပါသည်။ သူ၏အသက်တာ၌လည်းဝိညာဉ်တော်၏လှုပ်ရှားသက်ဝင်မှုကိုခံစားခဲ့ရသူဖြစ်သည်။ ထို့ကြောင့်ပင်သူ၏ဟောပြောမှုကြောင့်လူအများသည်ယုံကြည်ခြင်းသို့ရောက်စေခဲ့သည်။ မိတ်သဟာယဖွဲ့ခြင်း၊ သက်သေခံခြင်းများကိုပြုလုပ်ခဲ့ပါသည်။ အသင်းငယ်များအတွက်

ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ (ဧဖက် ၁း ၁၆-၂၃၊ ဖိလိပ္ပိ ၁း ၃-၁၁၊ ကောလော ၁း ၉-၁၄၊ ၁သက် ၁း ၂)။

တခါတရံသူရေး ကောက်ခဲ့သော အမှုဆောင်များ ထံသို့သွား၍ ကူညီခြင်း၊ အားပေးခြင်းများ ကိုပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။ ဥပမာ- သိလ၊ တိမောသေ၊ နှင့်တိတုတို့ဖြစ်သည်။ (တမန် ၁၅း ၂၂၊ ၁ကော ၄း ၁၇၊ ၂ကော ၁၂း ၁၈၊ ၁သက် ၃း ၂)။ တခါတရံအသင်းတော်များ ကသူတို့၏အခက်အခဲများကို ရှင်ပေါလုထံစာရေး၍ ကြောင်းကြားခဲ့ကြသည်။ (၁ကော ၇း ၁) ရှင်ပေါလုကလည်း ပြန်လည်ရေးသား ပေးပို့ခဲ့ပါသည်။

ရှင်ပေါလု၏ဩဝါဒစာများ ထဲတွင်အသင်းတော်များ၏ကွဲပြားသော အခက်အခဲများ ကိုတွေ့ကြုံရကြောင်း၊ သိရပါသည်။ ထိုအခက်အခဲများ ကိုခရစ်ယာန်တို့၏သွန်သင်ခြင်း နှင့်အသက်တာ ဆက်စပ်နေကြောင်း တင်ပြထားပါသည်။ တင်ပြထားပါသည်။ ရှင်ပေါလု၏အသက်တာ နှင့်အတွေ့အကြုံတို့သည်ယနေ့တွင် တော်တို့အား လမ်းညွှန်မှုပေး နေကြောင်း ခွန်အား ယူမှတ်သား ရပါသည်။

* * ဆလိုင်း ချော်ထာ * *

× × × × × × × × ×

ကြို ဆို ပါ ၏

ယေရှုသခင်၊ ကြွမြန်းအင်း ဖြ
ကျွန်တို့နှလုံး၊ အပြုံး တံခါး၊
ဖွင့်လို့ထားကာ၊ ကြိုနေမယ် ။





## မုန်း ချောင်းဖျား ကစိမ်ဒေါ်သံ

သင်တို့သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်- - - -

နွေဦး ရာသီကအလွန်သာယာလှသည်။ ပေါက်ပင်၊ လဲပင်တို့ သည်ပွင့်ကြသောအချိန်လည်း ဖြစ်သည်။ မုန်း ချောင်း ဖျားသည်သစ်ပင်ပန်း ပင်တို့ဖြင့်သာယာလျက်ရှိပါသည်။ အနီတကွက်၊ အစိမ်း တကွက်နှင့်ကဗ္ဗလာချယ်ထား သည့်နယ်၊ ဘုရား သခင်ဖန်း ဆင်း သောကမ္ဘာ လောကကြီး ကလှပလေခြင်း ဟု ရေရွတ်မိပါသည်။ ရာသီအလိုက် ပွင့်သောပန်း များ၊ သစ်ပင်တို့သည်နွေဦး ရာသီကိုအလှချယ်ထား ပါသည်။

ဒေသသို့ရောမည်ဟုပင်အိပ်မက်မမက်ခဲ့။ ပထဝီ ထဲတွင်သာ သင်ဖူး ခဲ့သည်။ မုန်း ချောင်း သည်အထက်ပမာပြည့်ရှိနာ မည်ကြီး ချောင်း တချောင်း ပင်။ ချောင်း ဖျား ပိုင်း က အ တော်သာ သာ ပါသည်။ ပထဝီဘာသာတွင်သစ်ဝါး များ မျှောချရန် အ ကောင်း ဆုံး သော ချောင်း တချောင်း ဟုသာသိခဲ့ရပါသည်။ ယခု တော့ထိုသို့မဟုတ်ပါ။ ချောင်း ဖျား ရှိ တောနက်ထဲတွင်ဘုရား သခင်၏ရင်သွေး လူသား များ ရှိနေပါသည်။ သူတို့ဘဝက၊ တောင်ယာခုတ်မည်၊ စပါး စိုက်မည်၊ တောသဘာဝအတိုင်း ပျော်မြူး ကြမည်။ သူတို့ ဒေသသည်သူတို့၏ကမ္ဘာလေး ပင်ဖြစ်ပါတော့သည်။

သူတို့သည် နေ့ပိုင်း တောင်ယာသို့သွား ကြသည်။ တောင်ယာ စိုက်ခြင်း၊ အမဲလိုက်ခြင်း၊ စသည်တို့ဖြင့်အသက် မွေး မြူကြသည်။ သူ တို့ဘဝသည်ငြိမ်းသက်ခြင်း ရှိမည်ဟုထင်ရပါသည်။ မိန်း မ ယောကျ်ား မခွဲခြား သူတို့ဘဝ၊ သူတို့ကမ္ဘာသည် ပျော်စရာ နေရာတခုပင်။ ဘာသိုဘာမှသူတို့အတွက်ပူပင်စရာမလို။

သို့သော်သူတို့ရိုး ရာ၊ သူတို့ဓလေ့ကအလွန်ပင် ရှေး ဆန်လှသည်။ သူတို့၏ဘာသာတရား မှာရိုး ရာဘာသာဖြစ်သည်။ သူတို့သည် လူသား များ ဖြစ်သည့်အား လျော်စွာသူတို့ကို စောင့်မသောအရှင်ကို စဉ်း စား ကြပေလိမ့်မည်။ သူတို့သည်ဘုရား သခင်၏ ရင်နှင့်

သီးခြားသား များ ဖြစ်သည်ကိုကား မသိကြရိုး အမှန်ပါ။

အော်၊ ခရစ်တော်၌ ဖြူဖြူမဲမဲ ပုပု ရှည်ရှည် မရှိ။ အတူတူ ပင်ဖြစ်သည်။ သူတို့အားလုံး သည်ဘုရား သခင်သား သမီး များဟု သိကြလျှင် ကောင်း မည်။ သို့သော်၊ သူတို့က မသိရှာကြ ပေ။ ကျန်း မာ ရေး အတွက်ဆိုလျှင်ပူ ဇော်ပသကြမည်။ ပျောက်ချင်လည်း ပျောက် မည်။ မပျောက်သည်ကား များ ပါသည်။ သူတို့ကိုအမြဲတမ်း စောင့် မကြည့်ရှုနေ သော ပုဂ္ဂိုလ်တဦး ရှိနေသည်ကိုသူတို့ယုံကြသည်။ မည်သူမည် ဝါမှန်း မသိ၊ သူတို့သည်လူမျိုး တကာ့မှလူမျိုး တမျိုး ပင်ဖြစ်သည်။

သူတို့ဆီ ရောက်လာ သော ဆရာ လေး များ ၏ ပြောပြချက်ကို သူတို့နှစ်မြို့ကြသည်။ ဘုရား သခင်တဆူတည်း ရှိပြီး အခြား ဘုရား များ ထက်တန်ခိုး ကြီး သည်။ သူတို့ကို စောင့်မကြည့်ရှုနေ သော ဘု ရား မှာ ထာဝရဘုရား ဖြစ်သတဲ့ဟုသူတို့ နား လည်ကြသည်။ သူတို့ကို အမြဲတမ်း လမ်း ပြ နေသူမှာ ထိုထို ဘုရား များ မဟုတ်၊ တဆူ တည်း သောဘုရား သာလျှင်ဖြစ်သတဲ့ဟု နား လည်ကြသည်။ သူတို့လက် ခံလာကြသည်။ သို့သော်၊ အဟောင်း ကိုစွန့်ဖို့ဝန် လေး ကြသည်။ အ သစ်တည် လောက် ကောင်း ကောင်း အဟောင်း ကပင် ကောင်း သယောင် ယောင်ထင်ကြသည်။ သူတို့၏အယူအဆ ဟောင်း ကသူတို့ကို ကယ်တင်နိုင်ပါမည်လား ဟုသူတို့ တွေး မိကြမည်။ သူတို့စွန့်တော့စွန့် မည်။ သို့ပေမဲ့ ခရစ်ဆရာ များ ပြောသည့်ထာဝရဘုရား ကသူ၏ သား တော်ကို မြေပေါ်သို့ စေလွှတ်လိုက်သတဲ့။ ဘာ ကြောင့်ဘာလိမ့်။ လူကဘုရား ဖြစ်သည်ဟုသ ကြား ဖူး သည်။ ယခုဘုရား ကလူဖြစ် သည်ကိုအံ့ဩမိသည်။ ဒီလူသည် မည်ကဲ့သို့လူနည်း ။ သူတို့ကိုဘာ ကြောင့် ချစ်သနည်း ။ အလီလီအလာလာ စဉ်း စား မိကြသည်။ သူနာမည်က ယေရှုဖြစ်သည်တဲ့။ သူကလူ ရွာကို ပြော ဟော ခဲ့သည်။ ကုသခဲ့သည်။ တ ရား ပြခဲ့သည်။ သူအမြဲ ပြောသည်မှာ လူတိုင်း ကို မေတ္တာထား ရန် ဖြစ်သည်။ သူတို့ကိုး ကွယ် သော ရိုး ရာဘာသာ ကဘာ မှမ ပြော၊ သူ တို့အတွက်ထူး ဆန်း နေချေပြီ။ ယေရှုကလူ တွေကိုတရား ဟောတဲ့အ ခါမှာဘာ ပြောင်း ဖို့ ပြောတာတဲ့။ ဘယ်လိုပါလိမ့် ။



အသစ် ပြောင်း တဲ့အသက်တာ ရှိဖို့တဲ့။ နောက်ပြီး လူ တွေကသူ့ကိုအမျိုးမျိုး ဖမ်း ပြီး နှိပ်စက်ကြသတဲ့။ နှိပ်စက် ရုံနှင့်မကပဲအသေ တောင်သတ် ကြသတဲ့သတ် တော့လည်း သေသွား သတဲ့၊ ထူး ဆန်း တာက သေဆုံး ပြီး သုံး ရက် မြောက်တဲ့ နေ့မှာအသက်ရှင်သတဲ့။ ပြီးပြီး ထူး ဆန်း တာက တော့၊ ကောင်း ကင်ဘုံကိုတက်သွား တယ်တဲ့။ သူ့ရဲ့တပည့်တော်များ ကိုကမ္ဘာဆုံး တဲ့တိုင်မင်း တို့ နဲ့အတူရှိမယ်လို့ ပြောသွား သတဲ့။

နောက်လူမျိုး တိုင်း ကိုသူ့တပည့်ဖြစ် စေရမယ်တဲ့။ သူ့ရဲ့နိုင်ငံကို မြေကြီး ပေါ်မှာတည် ထောင်သွား ခဲ့တယ်။ သူတည် ထောင်တဲ့နိုင်ငံ ဟာ မေတ္တာနိုင်ငံတဲ့။ အခုခုနစ်သန် တွေတရား ဟော နေတာသူ့ နိုင်ငံကိုတည် ထောင် နကြတယ်တိုပဲ။ ဒီအကြောင်း ကိုဘိုး ဘွား က လည်း တခါမှ ပြောဆိုဖူး သံမကြား ခဲ့ရဘူး။ အခု တော့ဆရာ့ လေး ပြောပြတဲ့အခါသိရတယ်။ စိတ်ထဲမှာ တော့တမျိုး ပဲ။ ယေရှုဆိုတာလူ လည်း ဖြစ်၊ ဘုရား လည်း ဖြစ်သတဲ့၊ နောက်ပြီး လောကမှာအခက် အခဲ တွေရှိရင်သူ့ကိုတမ်း တပါ။ သူရှိနေမယ်တဲ့။ အခုလည်း ငါတို့ ဘေး မှာ ရှိနေတယ်ဆိုပဲ။ ငါတို့ရဲ့စိတ်ထဲမှာအနီး ပတ်ဝန်း ကျင်မှာအမြဲ ရှိနေသတဲ့။ ဒီအကြောင်း ကိုတချိန်ကဆရာလေး တဦး ပြောခဲ့ဖူး တယ်။ အဲ ဒီဆရာလေး ကအခု တော့ဓမ္မတက္ကသိုလ်မှာတဲ့။ အခုရွာမှာ ရောက် နေတဲ့ဆရာလေး ဟာသူ့သူငယ်ချင်း တဲ့။ ဓမ္မတက္ကသိုလ်မှာ တို့ရင် ယေရှုအကြောင်း ကိုပိုသိရမှာ ပေါ့။ ငါတို့ကိုဆရာလေး မေ့ သွား ပြီထင်တယ်။ ကျောင်း ဖတ်ရက်မှာလာပြီး ဟော ပြောပါလို့ တောင်း ဆိုထား တယ်။ လာပဲလာပါ့မလား ။ ငါတို့ကို တော မေ့သွား ပြီလား ။ ---

= အထက်ပါအကြောင်း အရာလေး ကိုစာအား ဖြင့်မှန်း ချောင်း ဖျား မှအဘိုး ကြီး တဦး၏တမ်း တသံကိုကျွန်တော့သူငယ် ချင်း မှ ရေး သား ပေး ပို့လိုက်ခြင်း ဖြစ်ပါသည်။ အော် - ကျွန် တော် ရောက်ခဲ့ဖူး သော နေရာဒေသများ ကိုတွေး ရင်း မြင် ယောင်မိပါသည်။ ထိုဒေသအတွက်ကျွန်တော့ကိုတမ်း တနေကြသည်။ ကျွန်တော်ကြိုး စား ရပါဦး မည်။ ကျွန်တော့အတွက်

ဆည်းပူး ရာဇဝင်ပညာ၊ နာခံမှု၊ သီးခံမှု၊ စင်ကြယ်မှုတို့ဖြင့်သူတို့ကိုအစေခံနိုင်ရန်ပြင်ဆင်ရပါဦးမည်။ သူတို့က တော့ကျွန်တော့်ကိုစိမ်ခေါ်နေပြီ။ သူတို့မှာ ယေရှု၏အကြောင်းကိုကြားချင်နေပေပြီ။ အော်-လူမျိုးတကာတို့ကိုသတင်းကောင်း ဝေမျှရန် ယေရှုက မိန့်မှာခဲ့သည်မဟုတ်ပါလား။ သူတို့ကိုပြသရန်ပိုသက်သေ၊ အကျင့်သီလနှင့်ဖြောင့်မတ်ခြင်းပြည့်စုံဖို့ကျွန်တော့်တွင်လိုငံ့နေပါပြီကော။ သူတို့ကျွန်တော့်ကိုစိမ်ခေါ်နေကြပြီ။ ----

** ဂိုး မအေ စေခံ **

*** ချစ်ခြင်း အံ့စအိမ်ထောင်က ***

အိမ်ထောင်မှုဘုရားတည်၊ ဆေးမှင်ရေစုတ်ထိုး၊ ချက်မပိုင်လျှင်နေခင်ပြင်ရန်ခက်လိမ့်မည်။ ဆိုစကားအတိုင်း အိမ်ထောင်ပြုမည့်သူများ သိသင့်သိအပ်သောအရာများကိုတင်ပြအပ်ပါသည်။

လက်ထပ်မင်္ဂလာသည်ရွှင်လန်းဝမ်းမြောက်ဖွယ်မင်္ဂလာတပါးဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းများ ကတိသစ္စာပြုခြင်းများ၊ စသည့်အခမ်းအနားများပါရှိပါသည်။ လောကဓမ္မတာအတိုင်း ယောကျ်ားနှင့်မိန်းမသည်သဘောတူ ပေါင်းသင်းဆက်ဆံခြင်း ဖြစ်ပါသည်။ လူနှစ်ဦးကြားတွင်သစ္စာခံခြင်းလည်းဖြစ်သည်။ ခရစ်ယာန်ဘာသာအရလက်ထပ်ခြင်းသည်သန့်ရှင်းသောမင်္ဂလာတပါးဖြစ်ပါသည်။

ရှေးဦးစွာဘုရားသခင်သည်အာဒံနှင့်ဧဝကိုစုံဖက်စေ၍ တသားတကိုယ်တည်းဖြစ်စေသည်။ တသွေးတသားတည်းနှင့်စိတ်သဘောတူညီမှုကိုတည်ဆောက်ပေးသည့်အပြင်များပြားစွာမွေးဖွားရန်ကောင်းကြီးပေးခဲ့ပါသည်။ သတို့သားနှင့်သတို့သမီးတို့သည်ဘုရားသခင်ရှေ့လူရှေ့တွင်ဘာသာတရားထုံးစံနှင့်အညီလက်ထပ်ခြင်းသည်စစ်မှန်သောမင်္ဂလာတပါးလည်းဖြစ်ပါ



သည်။ ရှင့်သောမင်္ဂလာနှင့်ဆိုင်ကျေးဇူးတော်များကိုလက်ထပ်သူနှစ်ဦးစလုံးကထိန်းသိမ်းရပါမည်။ ကောရိန္သုဩဝါဒစာတွင်ဖော်ပြသည့်အတိုင်း မိန်းမနှင့်ယောကျ်ားလက်ထပ်ပြီးသောအခါမိမိတို့ဆိုင်ရာတာဝန်များကိုထမ်းဆောင်ရမည်ဖြစ်ပါသည်။ ထိုအတိုင်းလိုက်နာသုံးကြည့်ခြင်းရှိရန်လိုအပ်သောအချက်များကိုလည်းဖော်ပြထားပါသည်။ ပြုခဲ့ပြီးသောကတိသစ္စာများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည်အိမ်ထောင်ကိုခိုင်မာစေပါသည်။ ထိုနည်းတူအသင်းတော်တည်ဆောက်ရာတွင်လည်းအထောက်အကူပေးနိုင်ပါသည်။

မိမိအိမ်ထောင်မှချစ်ခြင်းမေတ္တာဝေမျှခြင်းလှူဒါန်းခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းတို့ဖြင့်အသင်းတော်ကိုပံ့ပိုးနိုင်ပါသည်။ မိမိအိမ်ထောင်မှစတင်၍ချစ်ခြင်းမေတ္တာကိုမှန်ကန်စွာပြသနိုင်ရန်အရေးကြီးပါသည်။ အိမ်ထောင်မှခံစားရသောဘုရားသခင်၏ဆုကျေးဇူးတော်များကိုဝေမျှသက်သေခံခြင်းလည်းဖြစ်နိုင်ပါသည်။ အစဉ်သဖြင့်ဘုရားဝတ်ပြုမွေ့လျော်၍ကျေးဇူးတော်ချီးမွမ်းတတ်ရန်လိုပါသည်။ လူမှုဒုက္ခများနှင့်တွေ့ကြုံရစေကာမူဇာနီးခင်ပွန်းအားဘုရားသခင်စုံဖက်ပေးသောကြောင့်ကွေကွင်းသွားရန်မဟုတ်ပဲခွန်အားယူအားထုတ်ရန်သာဖြစ်ပါသည်။ ဘုရားသခင်စုံဖက်သောအရာကိုလူမခွဲခွါရဟူသောကျမ်းချက်သည်သတိထားသင့်သောအချက်ဖြစ်ပါသည်။ ဘုရားသခင်၏အကြံအစည်မှာလူကိုခွဲခွါဖို့ရန်မဟုတ်ကြောင်းနားလည်ရပါမည်။ ထို့ကြောင့်လက်မထပ်မီမည်သောထမ်းဘိုးမရှိစေရန်ကြိုတင်စဉ်းစားရပါမည်။ ချစ်ခြင်းမေတ္တာကိုအရင်းခံ၍ဘုရားသခင်အလိုတော်အတိုင်းစုံဖက်နိုင်စေရန်စဉ်းစားသင့်ပါသည်။

အိမ်ထောင်တခုကိုတည်ဆောက်လျှင်အထက်ပါစကားပုံကဲ့သို့ဖျက်ဖို့ရန်မလွယ်ကူပါ။ ဘုရားသခင်ရှေ့၌ကတိပြုခဲ့သောအရာများကိုသစ္စာရှိစွာထိန်းသိမ်းဖို့လိုပါသည်။ ယောကျ်ားသည်မိမိဇနီးအားလုပ်ကျွေးသမှုပြုရပါမည်။ ဘုရားသခင်သည်ယောကျ်ားနှင့်မိန်းမကိုတသားတကိုယ်တည်းဖြစ်စေခြင်းမှာတစိတ်သဘောတည်း

ဖြစ်ရန်အလို့ရှိပါသည်၊ ပြဿဒါးများထဲတွင်ဘုရားသခင်သည်အသင်းတော်ကိုကျွေးမွေးပြုစုသကဲ့သို့ ယောကျ်ားသည်လည်းကိုယ့်ဇနီးအားလုပ်ကျွေးရမည်ဟု ရှင်ပေါလုတိုက်တွန်းထားပါသည်။ ဇနီးသည်လည်းမိမိခင်ပွန်းကိုရိုသေခြင်းပြုရပါမည်။ အိမ်ထောင်အသက်တာတွင်သစ္စာရှိခြင်း၊ ယုံကြည်အားကိုးခြင်း၊ မှီခိုခြင်း၊ ကြင်နာခြင်း၊ ချစ်ခြင်း၊ မျှော်လင့်ခြင်းတို့သည်အထူးလိုအပ်ပါသည်။ ဘုရားသခင်၏အကြံအစည်တော်ကိုအိမ်ထောင်အသက်တာအားဖြင့်ပုံသက်သေပြသနိုင်ရန်အရေးကြီးပါသည်။ ထို့အတူအိမ်ထောင်စုအချင်းချင်းလည်းတဦးပေါ်တဦးမေ့လျော့ထားသွားတတ်ရန်ဖြစ်ပါသည်။ အသင်းတော်အတွင်းရှိအခြားသောအိမ်ထောင်များကိုလည်းပုံသက်သေပြသွားနိုင်ခြင်းသည်ဘုရားသခင်၏အလိုတော်ကိုအဓိပ္ပါယ်ဖော်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်ဒေသနာကျမ်း ၄း ၉-၁၁ တွင်လူသည်တယောက်တည်းထက်နှစ်ယောက်သာ၍ကောင်း၏။ နှစ်ယောက်အားဖြင့်သာလျှင်တယောက်နှင့်တယောက်ကူညီပံ့ပိုးမှုရှိနိုင်သည်။ ဘုရားသခင်ပြုသောအမှုတွင်ဘုန်းတန်ခိုးနှင့်ကျေးဇူးတော်သည်အိမ်ထောင်ဖော်ပြနေပါသည်။ ဘုရားသခင်အားဆက်ကပ်ထားသောကတိတော်အတိုင်းအသက်ရှင်၍အိမ်ထောင်ကတိတည်တံ့ခိုင်မြဲစေရန်စုံဖက်သူနှစ်ဦးကအစဉ်နားလည်သဘောပေါက်ရပါမည်။ စုံဖက်သူနှစ်ဦးတို့သည်လူ့ရှေ့ဘုရားရှေ့တွင်ကတိပြုခဲ့သည့်အတိုင်းအိမ်ထောင်အသက်တာကိုတည်တံ့ခိုင်မြဲစွာထိန်းသိမ်းရန်နှင့်ဘုရားရှင်၏အလိုတော်ကိုသက်ဆုံးတိုင်အဓိပ္ပါယ်ဖော်လုပ်ဆောင်ရန်အထူးအရေးကြီးပါသည်။ အိမ်ထောင်အားဖြင့်ဘုရားသခင်၏အကြံအစည်တော်ကိုဖော်ပြနိုင်ခြင်းသည်စုံဖက်သူနှစ်ဦးတို့၏မြတ်သောမင်္ဂလာတပါးဖြစ်ကြောင်းနားလည်ရန်အထူးသတိပြုစေလိုကြောင်းတင်ပြအပ်ပါသည်။

အိမ်ထောင်ပြုမည့်သူငယ်ချင်းသို့-

မေတ္တာမွန်ဖြင့်၊ **ကြည်ပြာ**



* သိုးထိန်းဆိုသည်မှာ *

လူသည်တဦးတည်းတယောက်တည်းနေ၍ရသောသတ္တဝါမဟုတ်ချေ။ လူသည်ပတ်ဝန်းကျင်နှင့်ဆက်သွယ်လျက်ရှိသည်။ ထိုပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်ရန်လိုပါသည်။ ထို့နည်းတူမိမိယုံကြည်ကိုးကွယ်ရာဘာသာတရားကိုအခြေခံ၍ဘာသာတရားအဖွဲ့ပေါ်ပေါက်လာပါသည်။ ၄င်းကိုအသင်းတော်ဟုခေါ်ပါသည်။ အသင်းတော်သည်လူ့အဖွဲ့အစည်းတရပ်ဖြစ်သောဘာသာရေးအဖွဲ့သာဖြစ်ပါသည်။ ထိုဘာသာရေးအဖွဲ့သည်ယုံကြည်ချက်ကိုအခြေခံ၍ဖြစ်ပေါ်ကာဘာသာတရားအားဖြင့်လူတို့အားဦးဆောင်ရန်တဦးဦးရှိရမည်။ ထိုသူသည်ဘာသာရေးဖက်တွင်ကူညီမစရန်ခန့်ထားခံရသူဖြစ်၍လူများအားယုံကြည်မှုမယိမ်းယိုင်စေရန်ကူညီလမ်းပြပေးရမည်။ အားပေးမစရမည်။ သူလမ်းပြဦးဆောင်ရာသို့လိုက်လျှောက်သူရှိသကဲ့သို့မလိုက်နာသူလည်းရှိပါသည်။ မလိုက်နာသူများကိုလည်းမှန်ရောက်အောင်ပြုပြင်ပေးရမည်။ ဣသရေလလူမျိုးစုတခုလုံးကိုလမ်းမှန်သို့ရောက်အောင်ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ သစ္စာရှိခြင်း၊ တို့ဖြင့်ပြည့်ဝစေရန်လမ်းပြပေးသူသည်ထာဝရဘုရားသာဖြစ်ပါသည်။ ထို့ကြောင့်ထာဝရဘုရားသည်ဣသရေလတို့၏တပါးတည်းသောသိုးထိန်းဖြစ်ပါသည်။ (ဆာလံ ၂၃း ၁) ဣသရေလလူမျိုးတို့သည်ထာဝရဘုရားကိုမိမိတို့ရည်ကျေးမှုဖြင့်သိုးထိန်းကြီးဟုတင်စားဖော်ပြထားပါသည်။ သိုးထိန်းသည်မိမိသိုးတို့ကိုယုယပုံ၊ စောင့်ရှောက်ပုံကိုဖတ်ရှုသူတို့ကွက်ကွက်ကွင်းကွင်းမြင်စေရန်တင်စားထားခြင်းဖြစ်ပါသည်။ လုကာ ၁၅း ၁-၇ တွင်ယေရှုသည်လမ်းလွဲသူ (ဝါ) အပြစ်သားဖြစ်သူတို့ကိုရှာဖွေသူအဖြစ်တွေ့ရပါသည်။ ပုံဥပမာအားဖြင့်သိုးတရာရှိသည့်အနက်တကောင်ပျောက်သွားသောသိုးကိုရှာဖွေ၍တွေ့သော်ဝမ်းမြောက်ကြောင်းဖော်ပြသည်။ သခင်ယေရှုဖော်လိုသောသိုးထိန်းအမှုမှာပျောက်နေသောသိုး၊ လမ်းလွဲ၍အပြစ်ထဲမှမလွတ်မြောက်နိုင်သူတို့ကိုရှာဖွေရန်ဖြစ်ပါသည်။

ယောဟန် ၁၀း ၁-၁၆ တွင်သခင်ယေရှုဖော်ပြသော ဥပမာကား သိုးထိန်းသည်သိုးခြံထဲသို့တံခါးဖြင့်ဝင်တတ်ကြောင်း၊ သိုးတို့နှင့်ရင်းနှီးမှုရှိကြောင်း ဖော်ပြထားပါသည်။ ၎င်းအပြင်သူသည်သိုးတို့ဝင်ရန်တံခါးလည်းဖြစ်သည်။ တနည်းအားဖြင့်သူသည်လူလူတို့အားကယ်တင်သောသူတပါးတည်းဟူ၍တင်ပြလိုခြင်းဖြစ်သည်။ သိုးထိန်းဖြစ်သောသခင်ယေရှုသည်မိမိသိုးတို့ကိုအသက်စွန့်သည့်တိုင်အောင်ချစ်ကြောင်း ဖော်ပြခဲ့သည်။

၁ ပေတရု ၅း ၁-၁၄ ၊ ၅ ကျမ်းချက်တွင်ရှင်ပေတရုဖော်ပြလိုသည်မှာ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှုတော်ကိုစံနမူနာထား၍ မေတ္တာတရားဖြင့်ကြည့်ရှုရန် ဖော်ပြထားပါသည်။ တနည်းအားဖြင့်သိုးထိန်းအမှုကိုလုပ်ဆောင်သောသူသည်ခရစ်တော်ကိုပုံစံနမူနာယူစေရန်ဖြစ်သည်ဟုတင်ပြထားပါသည်။ ၅ တွင် အမှုတော်ဆောင်၏အဓိပ္ပါယ်အရည်အသွေးကို ပေတရုဖော်ပြခြင်း ဖြစ်သည်။ အထက်ပါကျမ်းချက်များက ဖော်ဆောင်သည်မှာ ဘာသာတရားနှင့်အသက်ရှင်ရန်လိုအပ်ချက်များကို ဖော်ပြသွားခြင်းဖြစ်သည်။ သိုးထိန်းဟူသောစကားအဓိပ္ပါယ်ကိုလည်း ရှင်းလင်းစွာ နားလည်နိုင်စေသည်။ ထို့ကြောင့်အသင်းသူ/သားများသည်သိုး ဟူ၍လည်း ကောင်း၊ ထိုသူများကိုကြည့်ရှုရသောသူအားသိုးထိန်း ဟူ၍လည်း ကောင်း၊ ဆိုနိုင်ပါသည်။ ဓမ္မဟောင်းခေတ်မှယူဆသောသိုးထိန်းအမှုကိုဓမ္မသစ်ခေတ်၌ခရစ်တော်ကရှင်းလင်းစွာဖော်ပြခဲ့သည်။ တပါးတည်းသောသိုးထိန်းဖြစ်သောထာဝရဘုရားကိုဓမ္မဟောင်းခေတ်ကအဓိပ္ပါယ်ဖော်ခဲ့သည်။ ထို့နည်းတူသခင်ခရစ်တော်ဖော်ပြမှုသည်လည်း ထိုအတိုင်းဖြစ်ပါသည်။ တင်ပြပုံကွဲလွဲသော်လည်း ရည်ရွယ်ချက်တခုတည်းသာဖြစ်ပါသည်။ သိုးထိန်းအမှုသည် -

၁/ ပျောက်သောသိုးကိုရှာရန်

၂/ သိုးများဖြင့်ရင်းနှီးမှုရှိရန်၊



၃/ သိုးတို့အတွက်အသက်ဖြင့်ကာကွယ်သစ္စာရှိရန်၊

၄/ သိုးတို့အတွက်ပုံစံကောင်းဖြစ်ရန်ဟု တွေ့ရသည်။ သိုး

သိုးထိန်းသည်ဘုရားသခင်နိုင်ငံတော်လမ်းပြသူဖြစ်ပါသည်။ သခင်ယေရှုသွန်သင်ခဲ့သောဥပမာများအရ၊ ဘုရားသခင်အမှုတော်ကိုဆောင်ရွက်ရန်လိုအပ်သောအရည်အချင်းတရပ်ဖြစ်ပေသည်။ သိုးထိန်းသည်ဘုရားသခင်ကိုသိလာစေရန်လမ်းပြသူဖြစ်ရမည်။ ဘုရားတရားကိုင်းရှိုင်းမှုရှိလာစေရန်ဘုရားသခင်ကိုသိလာစေရန်၊ ယုံကြည်သူလူတစုကအား ကိုးသောသူဖြစ်ရန်၊ ဘုရားသခင်အားစိတ်ဝိညာဉ်နှင့်ပြင်လာစေရန်လမ်းပြပေးရမည့်သူဖြစ်သည်။ သိုးထိန်းအမှုဆိုသည်မှာသခင်ခရစ်တော်ကလမ်းညွှန်မှုကိုအခြေခံ၍အသက်တာ၌အဓိပ္ပါယ်ရှိစွာအသက်ရှင်ရန်ဦးဆောင်သွားနိုင်သူဖြစ်ရမည်ဟုယုံကြည်မိပါသည်။

## ကျမ်းစာကျောင်းသတင်းကဏ္ဍ။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ (အင်္ဂလီကန်) သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ၁၉၈၄-၈၅ စာသင်နှစ်၊ တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသူ/သားများမှာ -

ပထမနှစ်။

(၁) ဆရာနော်ဆန်(မန္တလေးသာသနာပိုင်နယ်)
(၂) ဆရာရင်ဦး ( ။ )
(၃) ဆရာရွှေကျော်ဖံ( ။ )

ဒုတိယနှစ်။

(၁) ဆရာဘိဘင်ထူး (ရန်ကုန်သာသနာပိုင်နယ်၊ )
(၂) ။ မောင်ဒို(ဘားအံ ။ )၊
(၃) ။ မျိုးအောင်(မန္တလေးသာသနာပိုင်နယ်)

(၄) ဆရာမနန်းကွယ် ( မန္တလေး သာသနာပိုင်နယ် )
(၅) 〃 ကျင်ခိုနင်း ( 〃 )
(၆) 〃 ဧရှဲရိ ( စစ်တွေသာသနာပြုသာသနာပိုင်နယ် )

<u>စတုတ္ထနှစ်</u>။
(၁) ဆရာမနန်ဒီနတင်တင် အေး ( ရန်ကုန်သာသနာပိုင်နယ် )
(၂) 〃 နန်ရယ်ချယ်သဇင် တွေး ( 〃 )
(၃) ဆရာ ဂျေဝင်း ( အယူးသင်တန်းသား ( 〃 )

<u>မှတ်ချက်</u>။ ။ ယခုနှစ်တွင်တတိယနှစ် မရှိပါ။

၁၉၇၄-၇၅-ခုနှစ်အတွက် ကျောင်းဖော်ကြီး၏အစီကဆောင်ပုဒ်မှာ - ဝါကျေးဇူး သဏ္ဌာန်သင့်အဖို့ လောက်ပေ၏။

( ၂ တော ၁၂း၉ )

အမှုတော်အတွက်အားထုတ်လုပ်ဆောင်နေသည့်ချက်မှာ - ၁/ နာခံခြင်း ၊ ၂/ စင်ကြယ်ခြင်း ၊ ၃/ မြိုးခြံခြင်း ၊ တို့ဖြစ်ပါသည်။

*** ပ္ပ နှ် * * = ကြ ္ဒ း * * = ချက် ***

ဤစာစောင်သည် ကျောင်းသူ/သားများ၏အမြင်နှင့် ဝေမျှခြင်း တို့ကိုတင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာစောင်သည် ၁၉၇၅-ခု၊ ဖေဖော်ဝါရီလတွင်ကျင်းပမည့်သန့်ရှင်းသောဘာသာ ... တက္ကသိုလ်နှစ်( ၅၀ ) မြောက် ရွှေရတုသဘင်ကိုကြိုဆို၍ ရေးသားထားခြင်း ဖြစ်ပါသည်။ ရေးသားတင်ပြချက်များတွင် ချွတ်ယွင်းမှုများ ရှိပါက ... ရှုတာ ... ညှိပါရန်ပန်ကြားအပ်ပါသည်။

* * * * * * * * * * * * * * * * * * * * * * * * * * * * * *

သန့်ရှင်းသောကားဝိုင်ဓမ္မတက္ကသိုလ်
၁၀၄ ၊ အင်းလျားလမ်း
ရန်ကုန်